


# ပုံဖော်ပါ

## သတင်းကို ပုံဖော်ပါ။

ဒီနည်းဗျူဟာကို ဘာသာစကား
အမျိုးမျိုးနဲ့ စာပေများကို
ကြံဆပြီး ဆက်သွယ်ဖို့အပြင်
လူတွေရဲ့ အာရုံကို ဖမ်းယူဖို့
သင့်တော် ကောင်းမွန်တယ်။

## ဗီဒီယိုမှ ဥပမာအားလုံး

**● မိန်းမဂါဒဆန့်သောလှည့်စားမှုတခုနဲ့ ရှေးရိုးစဉ်လာကို အသက်သွင်းခြင်း**
အမျိုးသမီးများနဲ့ အောက်မေ့ဖွယ် စကားပိုင်း၊ ကိုင်ရို၊ အီဂျစ်
အနုပညာရှင်တွေ အကျိုးဆောင်တွေက အမျိုးသမီးရှုထောင့်က
ပြန်ပြောတဲ့ အာရပ်ပုံပြင်တွေပေါ် အခြေခံပြီး ကာတွန်းဗီဒီယို
ဇာတ်လမ်းတိုဖန်တီးခဲ့ကြတယ်။ ဗီဒီယိုမှာ တိရစ္ဆာန်တွေ၊
အရာဝတ္ထုတွေသုံးပြီး စိတ်ကူးကွန့်မြူးကာ အထိမခံတဲ့ ကျားမ မညီမျှမှုကိုတ
င်ပြဖို့ကြိုးစားထားတယ်။

**အသုံးပြုခဲ့တဲ့ Tools များ -** ကွန်ပျူတာထဲ စကန်ဖတ် ထည့်သွင်းထားတဲ့
လက်နဲ့ရေးသော ပုံတွေ အသက်သွင်းဖို့ Adobe software (Photoshop,
After Effects and Premiere)

**ဆက်လေ့လာစရာလင့်ခ်များ -**
**အမျိုးသမီးများနဲ့ အောက်မေ့ဖွယ်စကားပိုင်း -** http://www.wmf.org.eg/

**● လက်ရှိ ပြဿနာတရပ်ကို ပုံဖော်ခြင်း**
ဆာမိဒေါင်း၊ လက်ဘနွန်
၂၀၀၆ အစ္စရေးကျူးကျော်မှုအတွင်း အကျိုးဆောင်တွေက လက်ဘနွန်
အခြေခံ အဆောက်အဦတွေကို ဗုန်းကြဲမှုနဲ့ အပျက်အစီးပြမြေပုံများ
ဖန်တီးရေး၊ အချိန်နဲ့ တပြေးညီ ထပ်မံဖြည့်စွက်ရေးအတွက်
လုပ်ဆောင်ခဲ့ကြတယ်။ ဒီမြေပုံတွေကို နာလန်ထူရေးနဲ့
အားပေးထောက်ပံ့ရေးအတွက် စီစဉ်ဆောင်ရွက်ရာမှာ အသုံးပြုခဲ့ကြတယ်။

**အသုံးပြုခဲ့တဲ့ Tools များ** - Adobe Illustrator, Blogger, Wordpress

**ဆက်လေ့လာဖို့လင့်ခ်များ -**
**လက်ဘနွန်က မြေပုံများ** - http://bit.ly/Nmyi3

**● အစိုးရမြေပုံကို ဒုက္ခရောက်စေခြင်း**
Nawaat.org နဲ့တူနီးရှားအကျိုးဆောင်များ
တူနီးရှားအစိုးရက အစိုးရလူ့အခွင့်အရေး ချိုးဖောက်တွေနဲ့
ပတ်သက်တဲ့လူတွေဆီက ဗီဒီယိုသက်သေခံချက်တွေ ကြည့်တာကို
ပိတ်ပစ်ဖို့ ဗီဒီယိုဂက်ဆိုဒ် Youtube နဲ့ Dailymotion တို့ကို
ပိတ်ဆို့ခဲ့ပါတယ်။ ဒါကို အကျိုးဆောင်တွေက ဂူဂဲလ်မြေပုံပေါင်းစပ်မှု
(Google Earth Mashup) ထဲ သမ္မတအိမ်တော်လို တနေရာထဲမှာ
လူ့အခွင့်အရေး သုံးဖက်မြင်ဗီဒီယိုမြေပုံတွေ လုပ်ပြီး နေရာချတာနဲ့
တုံ့ပြန်ခဲ့တယ်။ Youtube တိုက်ရိုက်ကြည့်ခွင့်မရတဲ့ နေရာတွေမှာတောင်
ဒီဗီဒီယိုကို ကြည့်လို့ရအောင် လုပ်ခဲ့ကြတယ်။

**အသုံးပြုခဲ့တဲ့ Tools များ** - Google Earth, Google Maps, Youtube

**ဆက်လေ့လာရန် လင့်ခ်များ -**
**ဗီဒီယိုမြေပုံ** - http://bit.ly/1a2OrH


SAMIDOUN


WWW.NAWAAT.ORG

## လှုပ်ရှားမှုကို ကြိုတင်ပြင်ဆင်ပါ

- ကိုင်ရိုက ရှေးပုံပြင်ကာတွန်းကားတွေမှာတော့ လူအစား တိရိစ္ဆာန်တွေကို သုံးထားပါတယ်။ သရုပ်ဖော် သို့မဟုတ် စိတ်ကူးယဉ်ဇာတ်ကောင်တွေနဲ့ ဖန်တီးတာဟာ မတည်ငြိမ်တဲ့ ကိစ္စတခုကို လက်ခံရခက်နေတဲ့ ပရိသတ်ဆီ တင်ပြဖို့ လွယ်သွားပါတယ်။

- ဖန်တီးတဲ့ ပုံဖော်ချက်တွေ အရာဝတ္ထုတွေကို လက်တွေ့ကျအောင် ဖန်တီးနိုင်တယ်။ ဥပမာ - လက်ဘနွန်က မြေပုံဆိုရင် ရာဇဝင်မှတ်တမ်းအနေနဲ့ အရေးအခင်းအစီရင်ခံချက်နဲ့ ကယ်ဆယ်ရေး အကူအညီပေးရေးအတွက် စသည်ဖြင့် ကဏ္ဍစုံ အသုံးတည့်တယ်။

- အပြန်အလှန်တုံ့ပြန်မှုရှိတဲ့ ပုံဖော်ချက်တွေအတွက် မတူညီတဲ့ လူအများကြီးက ပို့ပေးတဲ့ ဓာတ်ပုံတွေ၊ ပုံဖော်ချက်တွေ၊ ဗီဒီယိုတွေနဲ့ အခြားတင်ပို့ချက်တွေကို သုံးနိုင်တယ်။ တူနီးရှား ဂူဂဲလ်ကမ္ဘာငယ်နဲ့ Youtube ပေါင်းစပ်မှုကြောင့် ဗီဒီယိုအသစ်တွေ လူတွေအွန်လိုင်းမှာ တင်လိုက်တိုင်း၊ geo-tagged လုပ်လိုက်တိုင်း အလိုအလျောက် ပေါင်းစုပြီးသားဖြစ်သွားတယ်။

- ရှုပ်ထွေးတဲ့ ပုံဖော်ချက်များအတွက် မြန်ဆန်တဲ့အင်တာနက် မရှိတဲ့လူတွေဆီထိ လက်လှမ်းမီဖို့၊ ဒေါင်းလုဒ်လုပ်နိုင်တဲ့ ဗီဒီယို၊ ဗွီစီဒီ၊ဒီဗီဒီတွေ၊ ပိုစတာအကြီးစားတွေ၊ ပုံနှိပ်ကြော်ငြာစာရွက်တွေ သို့မဟုတ် လူထုကြား ပြပွဲတွေ သို့မဟုတ် USB တွေနဲ့ အင်တာနက်ကော်နက်ရှင် မလိုပဲ မျှဝေနိုင်ပါတယ်။


WOMEN AND MEMORY FORUM


WOMEN AND MEMORY FORUM

# ပြဿနာ ဆန်းစစ်ချက်များ

**ခေါင်းစဉ်** - ၃၅၀၊ ရာသီဥတုလှုပ်ရှားမှုအတွက် နိုင်ငံတကာနေ့
**ဦးဆောင်သူ** - 350.org
**နေရာ** - နိုင်ငံပေါင်း ၁၈၀ နီးပါးက လှုပ်ရှားမှုများ
**ဝဘ်ဆိုဒ်** - www.350.org

**ရှင်းလင်းတင်ပြချက်**
ကမ္ဘာ့အနှံ့ လှုပ်ရှားမှုတခု စီစဉ်ပြီး လူတွေကို နှိုးဆွဖို့ 350.org က ရာသီဥတုပြောင်းလဲမှုအကြောင်း ကာတွန်းဗီဒီယိုတကား ဖန်တီးခဲ့ပါတယ်။ ဗီဒီယိုထဲမှာ အားကောင်းတဲ့ ပုံဖော်ချက်တွေ သုံးပြီး ဘာသာစကားအတားအဆီးမရှိပဲ လူတိုင်းနားလည်အောင် လုပ်ထားပါတယ်။ ကနဦးကောက်နုတ်ချက်ကတော့ "သိပ္ပံပညာရှင်တွေ တင်ပြတဲ့ လေထုထဲ အန္တရာယ် အကင်းဆုံး ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ နံပါတ်၃၅၀ ဖြစ်တယ်" လို့ 350.org က ဖီးလ် အာရိုနတ်နူး က ဆိုပါတယ်။
"အကယ်၍ ဒီစည်းရုံးလှုံ့ဆော်ရေးကို တကမ္ဘာလုံး အတိုင်းအတာနဲ့ လုပ်တော့မယ်ဆိုရင် ဒီနံပါတ်ကို လူအများကြား ပြောဆိုလာအောင် ဒီနံပါတ်ကို သုံးလို့ရတယ်ဆိုတာ ကျွန်တော်တို့ သိခဲ့ကြတယ်။" 350.org က မိုက်ခရိုဆော့ဖ်ပုံဆွဲဆော့ဖ်ဝဲကို သုံးပြီး Free Range Studios က ဒီဇိုင်းဆွဲ၊ ကာတွန်းဗီဒီယို နမူနာတခုကို Flash သုံးပြီး ထုတ်ဝေခဲ့တယ်။ ဒီကာတွန်းဗီဒီယိုကို 350.org ပေါ်တွင်သာမက Youtube နဲ့ Facbook မှာပါ လွှင့်တင်ခဲ့တယ်။ ဖီးလ်က "ကျနော်တို့ ဘလော့ 350.org ပေါ်မှာထက် Facebook ပေါ်က ဗီဒီယိုမှာ မှတ်ချက်ပိုရရှိပြီး လူတွေအနေနဲ့ ဘယ်လိုရှာဖွေပြီး သူတို့ကိုယ်ပိုင်ဗီဒီယိုတွေ ဘယ်လိုလုပ်နိုင်မယ်ဆိုတဲ့ မေးခွန်းတွေလည်း ရလာတယ်။"
ဗီဒီယိုတွေကို ဒေါင်းလုဒ်လုပ်ရန်ခက်ခဲတဲ့ အင်တာနက်ကော်နက်ရှင်ရှိတဲ့ ဒေသတွေဆီ ဒီဗီဒီတွေကို ဒေသခံ အဖွဲ့တွေနဲ့ ရုပ်မြင်သံကြား ထုတ်လွှင့်ရုံတွေဆီ ပို့ပေးခဲ့ကြတယ်။ ဒီကာတွန်းဗီဒီယိုများအောင်မြင်မှုနဲ့ ပတ်သက်ပြီး ဖီးလ်ရဲ့ ပြောကြားချက်
"ဒါကို စည်းရုံးရေးကိရိယာအဖြစ် သုံးလို့ရတယ်လို့တော့ တပ်အပ်မပြောနိုင်ပါဘူး။ ဒါပေမဲ့ ဒါဟာလူတွေကို ချိတ်ဆက်နိုင်တဲ့ နည်းလမ်းတခုဖြစ်နိုင်တဲ့အပြင် ဝက်ဆိုဒ်များဆီလမ်းကြောင်းပေးပြီး သူတို့ဘာလုပ်ချင်တယ်ဆိုတာ စဉ်းစားမိစေတဲ့ အကြောင်းတခုလည်းဖြစ်တယ်။ ဒီနည်းနဲ့ လူတွေကို တခုခုလုပ်နေပါလားဆိုတဲ့ ခံစားချက်မျိုးဖြစ်စေတယ်။ ဒါပေမဲ့ အခြားဘက်မှာ ကျတော့လည်း အရမ်းမြန်ဆန်တဲ့အတွက် ကျတော် ဖြစ်စေချင်သလောက် ၃၅၀ အကြောင်း လူတွေကို နားလည်သွားအောင် လုပ်မပေးနိုင်ဘူး။ မကြာခဏ အကြားရဆုံးက ဒီဗီဒီယိုကကောင်းပါတယ် ဒါပေမဲ့ ၃၅၀ ဆိုတာ ဘာလဲ ပြန်ပြောပြပါအုံး ဆိုတာပါပဲ။ ဒီကာတွန်းဗီဒီယိုအတွက် ၃၅၀ ဟာ ငွေကြေးတော်တော်များများ ကုန်ကျခံထားတယ်။ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့အနေနဲ့လည်း တော်တော်တန်ဖိုးကြီးတယ်လို့ မြင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီဗီဒီယိုမှာ အရမ်းအားကောင်းတဲ့ ဂရပ်ဖစ်အထောက်အထားတွေနဲ့ ထုတ်လုပ်ထားပြီး သူတို့ပစ္စည်းတွေမှာ ဒီစိတ်ကူးကိုပဲ တသမတ်ထဲ သုံးနိုင်တယ်။"

**အသုံးပြုခဲ့တဲ့ Tools တွေ** - အဖွဲ့ဝင် ၁၀,၀၀၀ နဲ့အတူ Facebook စာမျက်နှာ၊ Orkut၊ MySpace၊ Twitter၊ Zandy၊ "Facebook Events လိုမျိုး ပွဲစီစဉ်နိုင်တဲ့ Tool တွေ၊ အခြားဘာသာစကားပြန်ဆိုချက်တွေ

**အောင်မြင်မှုအတိုင်းအတာ** - ဗီဒီယိုဟာ ယူကျူပေါ်မှာ တနှစ်အတွင်း ကြည့်ရှုသူပေါင်း ၁၀၀, ၀၀၀ ရှိခဲ့တယ်။ စည်းရုံးလှုံ့ဆော်မှုက တစ်ကမ္ဘာလုံးအတိုင်းအတာဖြစ်ပြီး ဝန်ထမ်း၃၀နီးပါး၊ လက်တွေ့သင်တန်းများနှင့် ကမ္ဘာ့အနှံ့ စီမံထားတဲ့ လှုပ်ရှားမှုပေါင်း ၁၀၀ နီးပါးရှိတယ်။

**ကုန်ကျစရိတ်** - ဗီဒီယိုအတွက် ယူအက်စ်ဒေါ်လာ ၁၀ ၀၀၀။ စီမံကိန်းကို စီမံခန့်ခွဲပြီး အသုံးချဖို့ လုပ်နေဆဲကာလတွင်း ဝန်ထမ်းစရိတ်များ

**အရင်းအမြစ်များ** - ထိုးဖောက်စည်းရုံးရေးကို အမေရိကမှ တက်ကြွလှုပ်ရှားသူများက ကွန်ယက်တွေဆောက်ထားပြီး ရာသီဥတုဆိုးရွားပြောင်းလဲမှု ညီလာခံတွေကတဆင့် နိုင်ငံတကာထိ ချဲ့ထွင်ခဲ့တယ်။ "ပူးပေါင်းလုပ်တာဟာ ဘက်ဂျက်သေသေချာချာ မရှိတောင် အလုပ်ဖြစ်နိုင်တယ်" လို့ ဖီးလ်ကပြောတယ်။ "ကျနော်တို့ဟာ ကွန်ယက်တခုကို သုံးနေရုံမဟုတ်ဘူး ဖန်တီးသူတွေလည်းဖြစ်တယ်။"

**အချိန်** - ဗီဒီယိုဖန်တီးရန် အချိန်သုံးလ။ စည်းရုံးလှုံ့ဆော်ရေးအချိန် စုစုပေါင်းမှာ ၂၀၀၈ အဆုံးပိုင်းကစပြီး ၂၀၁၀ နှစ်ဦးပိုင်းထိ

**ခက်ခဲမှုအဆင့်** - အဆင့် ၅ ဆင့်အနက် အဆင့် ၃

**ဆက်လေ့လာဖို့ လင့်ခ်များ -**
**350 ကာတွန်းဗီဒီယို** - http://bit.ly/89GA8
**350 ယူကျူချယ်နယ်** - http://bit.ly/Ai4hl

## ကိုယ်တိုင်လုပ်ဆောင်ရန်

**မေးမြန်းချက်-**

- ပုံဖော်စည်းရုံးရေးအတွက် အရေးအကြီးဆုံးက ဘာလဲ - ဘာသာစကားပေါင်းစုံနဲ့ ဆက်ဆံရန်၊ သိပ်သည်းတဲ့ အချက်အလက်တွေကို ရိုးရှင်းတဲ့ ရုပ်ပုံများနဲ့ တင်ပြရန်၊ သို့မဟုတ် ဆွဲဆောင်မှုရှိတဲ့ ပုံတွေနဲ့ တီထွင် ဉာဏ်ကောင်းတာကို အသုံးချပြီး လူတွေကို အံ့အားသင့် ဆွဲဆောင်စေဖို့။

- စည်းရုံးလှုံ့ဆော်ရေးဟာ ရှုထောင့် သို့မဟုတ် ကြွေးကြော်ချက် တခုထဲအပေါ် ဗဟိုပြုနေသလား။ ဒါကို ဦးတည်လိုတဲ့ လူထုသဘောပေါက်လွယ်အောင် ဘယ်လိုဒီဇိုင်းဆွဲမလဲ။

- စည်းရုံးလှုံ့ဆော်မှုထဲ လူတွေပါလာအောင် ဘယ်လိုကြံမလဲ - ဓာတ်ပုံ၊ ဗီဒီယိုတွေ ဖြန့်ပြီး အပေးက သို့မဟုတ် လူကိုယ်တိုင်ပူးပေါင်းတာ သို့မဟုတ် အခြားသူတွေနဲ့ ကိုယ့်ဗီဒီယိုတွေ၊ မြေပုံ ကာတွန်းဗီဒီယိုတွေ ဝေပြီး နှိုးဆော်မလား။

- လူထုထောက်ခံမှုရဖို့ သို့မဟုတ် စည်းရုံးလှုံ့ဆော်ရေးကို အခြေပြုပြီး လူတွေကို တောင်းဆိုဖို့ ဘယ်လိုလုပ်ရှားမှုမျိုးတွေလုပ်မလဲ။ မီဒီယာဝေမျှခြင်းဟာ လှုပ်ရှားမှုတခုလား။ မီဒီယာကို ဘယ်သူတွေဆီလက်ဆင့်ကမ်းပါလို့ တောင်းဆိုမလဲ။ အစိုးရအဖွဲ့က အဓိကပုဂ္ဂိုလ်တွေကိုလား၊ ဒေသခံတွေ သို့မဟုတ် လူမှုအဖွဲ့အစည်းတွေကိုလား၊ မီဒီယာလောကကိုလား။

- စည်းရုံးလှုံ့ဆော်ရေးရဲ့ ရုပ်မြင်မီဒီယာကို အင်တာနက် သို့မဟုတ် ကွန်ပျူတာချိတ်ဆက်မရှိတဲ့သူတွေ အတွက် ဘယ်လိုကြော်ငြာမလဲ။

**ပြုလုပ်နိုင်တဲ့ အခြားနည်းအမျိုးမျိုး**

၁။ အထင်ကရပြည်နယ်အမှတ်အသားများသာမက တိကျသေချာတဲ့ စည်းရုံးလှုံ့ဆော်ရေး အကြောင်း အချက်အလက်ပါတဲ့ ကမ္ဘာလှည့်ခရီးသည်တဦး သို့မဟုတ် မြို့မြေပုံတခုကို မူပိုင်ပုံစံနဲ့ ဖန်တီးပါ။ ဒါကို မြို့ကိုအလည်လာသူတွေ၊ ကျောင်းသားတွေ သို့မဟုတ် လှုပ်ရှားမှုထဲ ပါဝင်စည်းရုံးနိုင်တဲ့ အခြားသူတွေဆီ လက်ဆင့်ကမ်းပါ။

၂။ ကာတွန်းဗီဒီယိုမလုပ်တတ်ရင်၊ ဓာတ်ပုံတွေအစီအရီနဲ့ ဗီဒီယိုဖန်တီးနိုင်တယ်။ အကြောင်းတခုဇာတ်ရေလည်ဖို့ ရုပ်ပုံတွေ ပေါင်းစပ်ပြီး တေးဂီတ၊ စာတန်းထိုးနဲ့ နောက်ခံအသံတွေ ထည့်သွင်းနိုင်တယ်။

၃။ ကော်ပိုရေးရှင်းတွေမှာ မရနိုင်တဲ့ ထုတ်ကုန်တွေကို တံဆိပ်ပြန်ကပ်နိုင်တဲ့ ဒီဇိုင်းစတစ်ကာများ - ဥပမာ ကုမ္ပဏီတွင်း ရာဇဝတ်မှုစုံစမ်းခြင်းများ သို့မဟုတ် ကုန်ထုတ်သူက လက်နက်ကိုင်အရေးအခင်းများကို ဘယ်လိုထောက်ခံပုံ

၄။ အဖြစ်အပျက်တွေ ကိုယ်တိုင်မှတ်တမ်းတင်ဖို့ လူတွေကို စျေးချိုတဲ့ကင်မရာတွေပေးပြီး ဒီဗီဒီယိုတွေနဲ့ ခြားနားတဲ့ လူတွေကို တူညီတဲ့ကိစ္စက ထိခိုက်နိုင်တာကို ပြတဲ့ သင်ကြားရေးမြေပုံတည်ဆောက်ရာမှာ သုံးပါ။

၅။ ဂရပ်ဖစ် ရုပ်မြင်ပုံဖော်တာနဲ့ ပတ်သက်ပြီး ကျွမ်းကျင်အဆင့်ရှိဖို့ မလိုပါဘူး။ Tag cloud ဆိုတဲ့ ကျယ်ပြန့်တဲ့ စာကိုယ်တခုကို ကိုယ်စားပြုတဲ့ စကားလုံးအစုအဝေးတွေဟာ အရေးကြီးတဲ့ မှတ်တမ်း သို့မဟုတ် ဝဘ်ဆိုဒ်တခုက သော့ချက်စကားလုံးတွေကို ထင်ရှားအောင်လုပ်ပြီး ရှင်းလင်းမြင်သာစေပါတယ်။

## ပါဝင်တဲ့ TOOL များ -

**သာလွန်ကောင်းမွန်တဲ့  tag cloud တခုဖန်တီးပါ။**
မြင်သာတဲ့ ဒီဇိုင်းတခုကို ကိုယ်တိုင်လုပ်စရာမလိုပဲ စည်းရုံးလှုံ့ဆော်ရေးအတွက် အင်ဖို-ဂရပ်ဖစ် တခု ဖန်တီးနိုင်ပါတယ်။ Wordle (www.wordle.net/) ဟာ တည်ငြိမ်ပြည့်စုံတဲ့ မှတ်တမ်းတခု (သို့) ဘလော့ဂ်တခုက (သို့) ဂဘ်ဆိုဒ်သတင်းပါ တက်ကြွတဲ့ စာသားတခု စတာတွေက Tag Cloud ဖန်တီးနိုင်တဲ့ ကွန်ယက်အခြေပြု application ဖြစ်ပါတယ်။ Wordle က ထပ်ခါတလဲလဲ သုံးခံရတဲ့ စကားလုံးတွေကို စာလုံးအရွယ်အစား ပိုကြီးအောင်လုပ်ပြထားတဲ့ ဂရပ်ဖစ်လုပ်ဖို့ စာသားတွေကို သုံးပါတယ်။

ဒါက ကွဲပြားတဲ့ Tag Cloud နှစ်ခုကို တူညီတဲ့ သတင်းအချက်အလက်နှစ်ခုနဲ့ပတ်သက်ပြီး ချဉ်းကပ်တဲ့နေရာမှာ ထိရောက်ပါတယ်။ ဉပမာ - ကိုယ်စားလှယ်လောင်းများရဲ့ နိုင်ငံရေးစည်းရုံးလှုံ့ဆော်ရေး မိန့်ခွန်းများ၊ (သို့) ရွေးကောက်ပွဲအကြို မူဂါဒမှတ်တမ်းများ။ Tag Cloud ကို ပီဒီအက်ဖ်ဖိုင်အနေနှင့် သိမ်းပြီး ပရင့်ထုတ်နိုင်ပါတယ်။ (သို့) အွန်လိုင်း ရုပ်ပုံအနေနဲ့လဲ တင်နိုင်ပါတယ်။  Wordle က ရွေးချယ်ထားတဲ့ အရောင်နဲ့ ဖောင့်တွေနဲ့ပတ်သက်ပြီး ထိန်းချုပ်ခွင့်ကတော့ ကန့်သတ်ချက်ရှိပါတယ်။ ဒါပေမဲ့ ဒီ application ကို သုံးတာက InkSkape (http://www.inkscape.org/) လို အခမဲ့ ဂရပ်ဖစ်ပရိုဂရမ်တွေမှာ ပိုတိကျတဲ့ ကိုယ်ပိုင် Tag Cloud ဖန်တီးဖို့ အိုင်ဒီယာတွေပေးနိုင်ပါတယ်။




## မှတ်ချက်များ

**350.org က ဖီးလ်အာရိုနဲက ရိုးရိုးရှင်းရှင်းလုပ်ဆောင်မှုနဲ့ ပတ်သက်ပြီး -**
'အထင်ကရပုံရိပ်များ အသုံးပြုခြင်းက အင်မတန်ကောင်းပါတယ်။ 'ဒါကျတော့်အနာဂတ်ပါ' ဆိုတဲ့ ဗီဒီယိုကိုကြည့်ပါ။ ဒီဗီဒီယိုဟာ ကျောင်းသားတွေ ကင်မရာတလုံးထဲသုံးပြီး ရိုးရှင်းတဲ့ တည်းဖြတ်ရေး ဆော့ဖ်ဝဲများ သုံးရိုက်ကူးထားတာပါ။' 'ဒါကျွန်တော့်အနာဂတ်ပါ' ဆိုတဲ့ ထင်ရှားတဲ့ကြွေးကြော်သံကို သုံးထားပြီး ဒီကြွေးကြော်သံက အကြောင်းအချက်အမျိုးမျိုး၊ ဘာသာစကားအမျိုးမျိုးနဲ့ ပေါ်ထွက်ခဲ့ပါတယ်။ ဒါက အထင်ကရဖြစ်လာခဲ့ပြီး လှုံ့ဆော်ရေးအကြောင်း ဘာမှမသိတဲ့သူတွေအတွက်တောင်မှ ပညာရစရာဖြစ်ခဲ့ပါတယ်။

**အမျိုးသမီးများ စွမ်းအားမြှင့်တင်ရေးလမ်းကြောင်းများက တက်ဆာလီဂင်က တည်းဖြတ်တာနဲ့ ပတ်သက်ပြီး -**
'ကာတွန်းကားတွေ၊ ဗီဒီယိုတွေကို တည်းဖြတ်တာအတွက် ဈေးချိုတဲ့ ဖြေရှင်းနည်းတချို့ရှိပါတယ်။ ဒါပေမဲ့ အခမဲ့ရနိုင်တာတော့ သိပ်မရှိပါဘူး။ ကျမ ကိုယ်တိုင်လုပ်တာအများစုက ဖရိန်ဆွဲတာနဲ့ စကင်ဖတ်၊ Adobe ဆော့ဖ်ဝဲလုပ်ပြီး လှုပ်ရှားလာအောင်လုပ်တာပဲဖြစ်တယ်။ ဒါတွေအားလုံးကို အခမဲ့ open source software တွေဖြစ်တဲ့ Gimp (သို့) Kino (http://bit.ly/13V9fW)  သုံးပြီး လုပ်နိုင်တယ်။

**350.org က ဖီးလ်က အမှတ်တံဆိပ်သတ်မှတ်ခြင်း၊ အမှတ်အသားတွေနဲ့ ပတ်သက်ပြီး -**
'ကျနော်တို့ရဲ့ စည်းရုံးလှုံ့ဆော်ရေးမှာ တည်ငြိမ်တဲ့ ဂရပ်ဖစ်အထောက်အထားတခုရှိတာ အရေးပါတယ်လို့ ယူဆခဲ့ကြတယ်။ ပညာရှင် ဒီဇိုင်နာတွေသုံးဖို့ ဆုံးဖြတ်ခဲ့ပေမယ့် ကျနော်တို့ စည်းရုံးလှုံ့ဆော်ရေး ဗီဒီယိုအတွက်သာ တတ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဗီဒီယိုထဲမှာ သုံးခဲ့တဲ့ ဂရပ်ဖစ်ပုံတွေပို့ခိုင်းပြီး  ဒီပုံတွေကို လိုဂိုများ၊ ဘလော့ပို့စ်များနဲ့ ပုံနှိပ်ခြင်းစတာတွေအတွက် သုံးနိုင်ပါတယ်။ ကျနော်တို့အတွက်ကတော့ ဒီနည်းက ပိုက်ဆံချွေတာစေတဲ့ နည်းလမ်းတခုပဲ ။



TACTICAL
TECHNOLOGY
COLLECTIVE